GRET
Professionals for Fair Development

# အချိန်ရာသီမဟုတ် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်း

## ALIVE-FNS စီမံကိန်း
## ဧရာဝတီတိုင်းဒေသကြီး (မြစ်ဝကျွန်းပေါ်ဒေသ)
## မြစ်ဝကျွန်းပေါ်တောင်သူလယ်သမားများအတွက် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနည်းစနစ်များ




**၁။ အမိုးအကာဆောက်လုပ်ခြင်း** (၂၅ ပေ x ၃၀ ပေ အကျယ်) **-** PVC ပလပ်စတစ်စဖြင့် မိုးဒဏ်မှ ကာကွယ်ရန် အမိုးအကာ အဆောက်အဦး ဆောက်လုပ်ပါ။ လေဝင်လေထွက်၊ အပူချိန် နှင့် စိုထိုင်းဆများကို ညီမျှစေရန် ခေါင်တိုင် အဖွင့်နှင့် ထားပါ။




**၂။ ပျိုးစင်** - ကျန်းမာသန်စွမ်းသော ပျိုးပင်များ ရရှိနိုင်ရန် အတွက် ပျိုးစင်ဖြင့် ပျိုးထောင်ကာ ပြောင်းရွှေ့စိုက်ပျိုးခြင်းသည် အရေးကြီးသည်။ ပျိုးစင်(သို့) ပျိုးခွက် တို့ဖြင့် မြေဆွေးကိုထည့်သွင်း၍ ပျိုးထောင်ခြင်းကို အမိုးအကာအောက်တွင်ပြုလုပ် ပေးပါ။ အထူးသဖြင့် မုံညှင်းမျိုးရင်းနှင့် ဆလပ်မျိုးရင်း အပင်များကို ပိုမိုဂရုစိုက်ရန်လိုအပ်သည်။






**၃။ စိုက်ပျိုးမြေ ပြုပြင်ခြင်းနှင့်စိုက်ဘောင်ဖော်ခြင်း** - ပျိုးပင်များကြီးထွားမှု ကောင်းမွန်စေရန်အတွက် စိုက်ပျိုးမြေကို ပြင်ဆင်၍ ဆွေးမြေ့ပြီးဖြစ်သော မြေဆွေးများကို စိုက်ဘောင်တွင်ထည့်ပါ။ မြေကြီးကို ပေါက်ပြားဖြင့် စနစ်တကျ ပြင်ဆင်ပြီး အကျယ် (၃)ပေ၊ အမြင့် (၆)လက်မခန့် ရှိသော ဘောင်များပေါ်တွင် သဘာဝမြေဩဇာနှင့် စူပါဘိုကာရှီမြေဆွေးကို ၃ ပေပတ်လည်အတွက် ၁ ကီလိုဂရမ် နှုန်းထည့်ပါ (သို့) ၂၅ ပေ x ၃၀ ပေ အကျယ်ရှိသော စိုက်ခင်းအတွက် စူပါဘိုကာရှီ ၅၀-၁၀၀ ကီလိုဂရမ် နှင့် စက်ဖွဲပြာ ထည့်သွင်း၍ မြေပြုပြင်ပေးပါ။ စိုက်ဘောင်များကို ကောက်ရိုးပါးပါးဖြင့် မြေဖုံးခြင်းကို ပြုလုပ်ပေးနိုင်သည်။






**၄။ တိုက်ရိုက်မျိုးစေ့ချစိုက်ခြင်းနှင့် ပြောင်းရွှေ့စိုက်ပျိုးခြင်း-** ဟင်းသီးဟင်းရွက်အမျိုးအစားပေါ်မူတည်၍ သင့်တော်သော ပင်ကြား၊တန်းကြားဖြင့် ပြောင်းရွှေ့စိုက်ပျိုးခြင်း (သို့) တိုက်ရိုက်မျိုးစေ့ချခြင်းကို ပြုလုပ်ပါ။ နံနံမျိုးများ၊ မုံလာဥ ဖြူနှင့် ဟင်းနုနွယ်မျိုးများ စသည်တို့ကို တိုက်ရိုက်အစေ့ချ စိုက်ပျိုးပါ။











**၅။ သဘာဝသွင်းအားစုများ** - ဒေသအတွင်းအလွယ်တကူ ပြုလုပ်ရရှိနိုင်သော သဘာဝသွင်းအားစုဖျော်ရည်များကို ပက်ဖျန်းခြင်းသည် အရေးကြီးသောအဆင့်ဖြစ်သည်။ တစ်ပတ်လျှင်(၂)ကြိမ်ခန့် ထည့်သွင်းပက်ဖျန်းပေးပါ။ (၁၆)လီတာဝင်ဆံ့သော ဆေးဖျန်းပုံးအတွက် အကျိုးပြုအဏုဇီဝဖျော်ရည် (IEM) ၁၀၀၀ စီစီ၊ အသီးချဉ်ဖောက်ရည် (FFE) ၃၀၀ စီစီ၊ သဘာဝပိုးသတ်ဆေး ၆၀၀ စီစီ၊ IEM5 ပိုးပြေးဆေး နှင့် ငါးအမိုင်နို (FAA) ၁၂၀ စီစီ ထည့်ပါ။ IEM နှင့် ငါးအမိုင်နို (FAA) ဆေးရည်များသည် အပင်ကြီးထွားမှုကိုအားပေးပြီး FFE ဆေးရည်သည် အသီးအပွင့်ကြီးထွားမှုကို အားပေးသည်။ IEM 5၊ သဘာဝပိုးပြေဆေးနှင့် ဆေးရွက်ကြီးပြုတ်ရည်တို့သည် ပိုးမွှားကျရောက်မှုများမှ ကာကွယ်ရန်အတွက် အသုံးပြုပြီး ဘော်ဒိုဆေးရည်ကို မြေပြုပြင်ချိန်တွင် မှိုရောဂါကျရောက်မှုမှ ကာကွယ်ရန် နှင့် စူပါဘိုကာရှီ မြေဆွေးကို စိုက်ဘောင်ပြုပြင်ချိန်တွင် အသုံးပြုနိုင်သည်။







**၆။ အပင်ပြုစုစောင့်ရှောက်ခြင်း** - အပင်သက်တမ်းတစ်လျှောက်လုံးတွင် ပိုးမွှားရောဂါများ ကာကွယ်နိုင်ရန်နှင့် ကောင်းမွန်စွာအပင်ကြီးထွားနိုင်စေရန်အတွက် သဘာဝ ပိုးပြေးဆေး၊ အပင်အားဆေး နှင့် မှိုကာကွယ်ဆေးများကို ပုံမှန် ဖျန်းပေးရမည်။ ဝင်ငွေကောင်းကောင်းရရှိနိုင်ရန် နှင့် ဟင်းသီးဟင်းရွက်များကို မိုး တစ်ရာသီအတွင်း (၃-၄) ကြိမ် စိုက်ပျိုးနိုင်ရန်အတွက် ဇွန်လ အမှီ စိုက်ပျိုးပေးပါ။







**၇။ ရောင်းချခြင်း** - အိမ်နီးနားချင်းများ၊ ဟင်းသီးဟင်းရွက် ကုန်ကောက်သူများ (သို့) ဒေသဈေးတို့တွင် ရောင်းချနိုင်သည်။ အမျိုးသမီး၊ ကလေးများနှင့် မိသားစုဝင်များအတွက် အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များကို လက်လှမ်းမီမီ စားသုံးနိုင်ရန် အမျိုးအစားစုံလင်စွာ ဟင်းသီးဟင်းရွက် (၁၀)မျိုး ခန့်အထိ စိုက်ပျိုးနိုင်သည်။ ကျန်းမာရေးအတွက် စိတ်ချရသော အစားအစာများ ရရှိနိုင်စေရန် သဘာဝသွင်းအားစုများကိုသာ ထည့်သွင်းအသုံး ပြုပါ။

**သဘာဝသွင်းအားစုများ အသုံးပြု၍ အချိန်ရာသီမဟုတ် ဟင်းသီးဟင်းရွက်များကို အမိုးအကာအောက်တွင် စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ**

စိုက်ပျိုးသူများ၏ အတွေ့အကြုံနှင့် တစ်ရာသီအတွင်း စိုက်ပျိုးနိုင်သည့် အကြိမ်အရေအတွက် ပေါ်မူတည် ၂၅ ပေ x ၃၀ ပေ အကျယ် စိုက်ခင်းတွင် မျိုးစေ့၊ ပလပ်စတစ်၊ သဘာသွင်းအားစု ကုန်ကျစရိတ်များအတွက် ၁ သိန်း ရင်းနှီးမြှုပ်နှံပါက အမြတ် ၂ သိန်းမှ ၃ သိန်းထိ ရရှိနိုင်ပါသည်။

တစ်ရာသီလျှင် သဘာဝသွင်းအားစုများအတွက် ကုန်ကျစရိတ်မှာ ကျပ် ၁၅၀၀၀-၂၅၀၀၀ ခန့်သာ ဖြစ်ပြီး ပြုလုပ်ပြင်ဆင်ရန်အတွက် ပျမ်းမျှ ၆နာရီခန့် ကြာမြင့်နိုင်ပါသည်။ သဘာဝသွင်းအားစုများကို တစ်ပတ်လျှင် ၂ ကြိမ်ခန့် ပက်ဖျန်းပေးရန် လိုအပ်ပြီး တစ်ကြိမ်ဖျန်းလျှင် ၁၅ မိနစ်ခန့် ကြာမြင့်နိုင်ပါသည်။

ဟင်းသီးဟင်းရွက် (၁၀)မျိုး အထိ အမျိုးအစားစုံလင်စွာ မိုးရာသီအတွင်း စိုက်ပျိုးခြင်းဖြင့် ဈေးကောင်းရရှိ၍ အမြတ်များများရရှိနိုင်ပါသည်။ ဓါတ်မြေဩဇာ (သို့မဟုတ်) ပိုးသတ်ဆေးများ မပါရှိဘဲ အရည်အသွေးပိုမိုကောင်းမွန်၍ တာရှည်အထားခံသော ဟင်းသီးဟင်းရွက်များ ကို ရရှိနိုင်ပါသည်။

Funded by the European Union

Funded by AFD GROUPE